
စိတ်ကူးချိုချိုအနုပညာ




# ထိုက်တန်ရာသာ ရှာမှီးပါ

ဘယ်ဈေးကွက်မှာ ဘယ်အချိန်မဆို
သင့်ဝင်ငွေအမြင့်ဆုံး ထိုက်ထိုက်တန်တန်ရရှိနိုင်ဖို့

ကောင်းသာ-မြန်မာပြန်



# နိဒါန်း

## သင့်ရဲ့ လက်ရှိဝင်ငွေကို သင်ရွေးချယ်ပြီးနေပြီ

- အောင်မြင်တဲ့ အနေနဲ့ သင့်ကိုယ်သင် စိတ်ထဲမှာ စိတ်ကူးရုပ်ပုံတစ်ခုကို ထာဝရတံဆိပ်လက္ခဏာ ခတ်နှိပ်လို့ ပုံသေနည်းဆွဲထားတယ်။ ဒီရုပ်ပုံကို မစွန့်လွှတ်စတမ်း ကိုင်စွဲထားတယ်။ ဘယ်တော့မှ မှေးမှိန် သွားခွင့်မပြု။ သင့်စိတ်က အဲဒီရုပ်ပုံကား ကြီးထွားလာဖို့ သာ လမ်းရှာနေလိမ့်မယ်။ သင့်ရဲ့ စိတ်ကူး ဉာဏ်ထဲမှာ အတားအဆီးအဟန့်အတားတွေ မတည်ဆောက်ထားပါလေနဲ့ ။

- နော်မန်ဗင်းဆင့်ပီးလ်

သင်ရှာမှီးဖို့ ဆုံးဖြတ်ထားတဲ့ ပမာဏအတိုင်းပဲ သင်ယနေ့အတိအကျ ရှာဖွေရနေပါတယ်။ ဒီထက် မပို၊ လျော့လည်း မလျော့ပါဘူး။ ငွေရေးကြေးရေးအရ ဒီနေရာရောက်ဖို့ သင်ကြိုတင်ရွေးချယ်ထား ပြီးဖြစ်နေလို့ ယခုလိုနေရာကို သင်ရောက်နေရခြင်းပဲဖြစ်ပါတယ်။ သင့်ကြောင့်သာ၊ တခြားဘယ်သူ့ ကြောင့်မှ မဟုတ်ပါ။

အဓိပ္ပာယ်ကတော့ ဝင်ငွေဘက်ကကြည့်ရင် သင်ဒီနေ့ဘာတွေပဲရှာရှာ၊ သင်ရှာမှီးမယ်လို့ "ဆုံးဖြတ်ထားပြီးသား" ပမာဏအတိုင်းပဲဖြစ်နေတတ်တာကို ဆိုလိုပါတယ်။ တစ်ပြားမှ မပို၊

တစ်ပြားမှ လည်း မလိုပါဘူး။

သင့်လုပ်ရပ်ရဲ့ ရလဒ်တစ်ခု၊ သင်မလုပ်ခြင်းများ ရဲ့ ရလဒ်တစ်ခုအနေနဲ့ ဒီပမာဏကိုရှာဖို့ သင်ဆုံးဖြတ်ထားတာပါပဲ။ သင့်ဝင်ငွေကို ဒီနေ့ရောက်နေတဲ့ အမှတ်ထိရဖို့ သင်သီးသန့်လုပ်ရပ်တွေတော့ လုပ်ရတယ်။ သင်အမှန်တကယ်ရှာမှီးရှိတာထက် သင့်ဝင်ငွေက အောက်မှာ ပဲရှိနေစေတဲ့ လုပ်ရပ်မျိုးတွေ မလုပ်မိတဲ့ အချိန်တွေ ရှိပါတယ်။ သင်ဒီနေ့ ဘာတွေပဲရှာရှာ ရှာမိတဲ့ ပမာဏကတော့ သင်ဆုံးဖြတ်ထား တဲ့ အတိုင်းပါပဲ ။

ဒီအယူအဆကို ပထမဆုံး စကြားခါစက ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဝင်ငွေကို ဆုံးဖြတ်ကြည့်လိုက် တဲ့ အခါ ကျွန်တော်တုန်လှုပ်သွားပြီး ဒေါသထွက်မိတယ်။ ကိုယ့်ဆုံးဖြတ်ချက်ကို ခါးခါးသီးသီး ပြန်ငြင်း မိတယ်။ "ဒါမမှန်ဘူး။ ဒီပမာဏလောက်ပဲရှာမှီးဖို့ ဘယ်သူမှ ရွေးမှာ ကို မဟုတ်ဘူး ။ တစ်ချိန်လုံး ပိုက်ဆံအတွက်ပဲ စိုးရိမ်ပူပန်နေရမှာ ပေါ့။"

ကျွန်တော့်မိဘ၊ ကျွန်တော့်ပညာရေး၊ ကျွန်တော့်ဘော့စ်၊ ကျွန်တော့်ကုမ္ပဏီ၊ ကျွန်တော့်စက်ရုံ၊ ကျွန်တော့်ပြိုင်ပွဲနဲ့ စီးပွားရေးကြီးတစ်ခုလုံးမှာ ကျွန်တော့်ဝင်ငွေနိမ့်ကျနေရတာကို ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့ လို့ မဆုံးပါဘူး။ ကျွန်တော့်ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တော့ ကျွန်တော့်လို ပြဿနာမျိုး၊ အကန့်အသတ်မျိုးကြုံရတဲ့ လူတွေက ထောင်နဲ့ သောင်းနဲ့ ချီနေတာ တွေ့ရပါလေရော။ ဒါပေမဲ့ ကျွန်တော့်ထက် ပိုသာလွန်အောင် ရှာမှီးနိုင်ပြီး ပိုကောင်းမွန်သာလွန်တဲ့ ဘဝမျိုးနဲ့ နေနိုင်တဲ့ လူတွေလည်း များ စွာတွေ့ရတယ်။

ကျွန်တော် ဘယ်နေရာရောက်နေရပြီး လက်ရှိဘာဖြစ်နေရတယ်ဆိုတာတွေက နောက်ဆုံးတော့ "ကျွန်တော့်"ကြောင့်ပဲလို့ လက်ခံမိပါတော့

တယ်။ တကယ်လို့ ကျွန်တော်ဟာ ကျွန်တော့်ဘဝ၊ ကျွန်တော့် ဝင်ငွေနဲ့ ပတ်သက်လို့ မပျော်မရွှင်ဖြစ်နေရတယ်ဆိုရင် ဒါကိုပြောင်းလဲနိုင်တဲ့ လူက ကမ္ဘာပေါ်မှာ ကျွန်တော် တစ်ယောက်တည်းပဲရှိပါတယ်။ ဓမ္မတေးတစ်ပုဒ်က ပြောသလိုပဲပေါ့။ "အို ဘုရားသခင်၊ ဝတ်ပြုနေသူရဲ့ လိုအပ်ချက်ဘက်က ရပ်တည်ပေးတော်မူပါဘုရား"တဲ့ ။ ကျွန်တော့်ဘဝကို ပြောင်းလဲနိုးထစေလိုက်တဲ့ ဓမ္မတေးပါပဲ။

နောက်ငါးနှစ်ကြာတဲ့ အခါ ကျွန်တော့်ဝင်ငွေက ဆယ်ဆတိုးလာပါတယ်။ အိမ်ခန်းအငှား၊ ပရိဘောဂတွေ ငှားရမ်းနေထိုင်ရတဲ့ ဘဝကနေ ကိုယ်ပိုင်လုံးချင်းအိမ်ခြံဝင်းနဲ့ အိပ်မက်ထဲကကားကြီး "မာစီးဒီးဘင့်ဇ် S LS 50" ကို ကျွန်တော့်ရဲ့ နှစ်ထပ်ကားဂိုဒေါင်နဲ့ ထားနိုင်နေပါပြီ။ ကျွန်တော့် ဘဝတစ်ခုလုံး ခြားနားသွားသလို ခင်ဗျားတို့ ဘဝတွေ ခြားနားနိုင်ပါတယ်။

## သင့်ရဲ့ ရှာမှီးနိုင်စွမ်းအား

သင့်ရဲ့ တန်ဖိုးအရှိဆုံး ငွေရေးကြေးရေး ရပိုင်ခွင့်က သင့်ရဲ့ ငွေကြေးရှာဖွေနိုင်တဲ့ အရည်အချင်း၊ သင့်ရဲ့ ရှာမှီးနိုင်စွမ်းပဲ ဖြစ်ပါတယ်။ လူတွေက သင့်ကိုပေးလာတဲ့ ရလဒ်တွေရရှိအောင် လုပ်နိုင်စွမ်းလို့ အဓိပ္ပာယ်ဖွင့်နိုင်တယ်။ သင်ချမ်းသာပြီးသားမဟုတ်ရင် သင့်ရဲ့ ရှာဖွေနိုင်တဲ့ အရည်အချင်း (သို့မဟုတ်) ရှာမှီးနိုင်စွမ်းအားက သင့်ရဲ့ ငွေကြေးတန်ဖိုးရဲ့ ၈၀ ရာခိုင်နှုန်း၊ ၉၀ ရာခိုင်နှုန်းအထိ ကိုယ်စားပြုနေတယ်။

ဈေးကွက်နေရာကို ကျကျနနအသုံးချနိုင်ရင် သင့်ရဲ့ ရှာမှီးနိုင်စွမ်းအားက ရေတွင်းတစ်တွင်းနဲ့ တူနေပါလိမ့်မယ်။ လူတွေကသင့်ကို ပေးတယ်ဆိုတဲ့ ရလဒ်ကိုဖြတ်သန်းရင်း သင့်ရဲ့ ရှာမှီးနိုင်စွမ်းအားကို အများ

ဆုံးဖြစ်စေခြင်းဖြင့် သင့်အိတ်ကပ်ထဲကို တစ်နှစ်အတွင်း ငွေဒေါ်လာပေါင်း ထောင်သောင်းချီ အောင် စုပ်ယူပင့်သွင်းနိုင်ပါတယ်။ သင့်ရဲ့ ဗဟု သုတ၊ ပညာ၊ ကျွမ်းကျင်မှုနဲ့ ဘဝအတွေ့အကြုံတွေအား လုံးက သင့်ကို သူ တစ်ပါးဆီက ကောင်းမြတ်တဲ့ ငွေကြေးတွေ ရရှိလာတဲ့ ယနေ့ထိ အခြေ အနေထိ အောင်ရောက်ဖို့ ပေါင်းစုပေးခဲ့ပါတယ်။

သင့်ရဲ့ ရှာမှီးနိုင်စွမ်းအားက လယ်မြေတစ်ခုဆိုပါစို့။ ဒီလယ်မြေကို သင်ထူးချွန်ပြောင်မြောက်စွာ ဂရုမစိုက်ခဲ့ဘူးဆိုရင် မြေဩဇာတွေကောင်းကောင်း မချခဲ့ဘူးဆိုရင်၊ ထွန်ယက်စိုက်ပျိုးခဲ့ရင်၊ ရေလောင်း ပေါင်း သင် မလုပ်ခဲ့ဘူးဆိုရင်၊ သင်ဆန္ဒရှိရာ ရိတ်သိမ်းမှု အမျိုးအစားမျိုး ထုတ် လုပ်နိုင်စွမ်းအားတွေ ချက်ချင်းပျောက်ဆုံးသွားလိမ့်မယ်။ အောင်မြင်တဲ့ ယောက်ျားတွေ၊ မိန်းမတွေက သူတို့ ရဲ့ ရှာမှီးနိုင်စွမ်း အားတွေရဲ့ တန်ဖိုး နဲ့ အရေးပါမှုတွေကို လွန်ကဲစွာ သိရှိထားကြသူတွေပဲဖြစ်ပါတယ်။ လက်ရှိမှာ ဈေးကွက် နေရာရဲ့ ဝယ်လိုအားနဲ့ အညီ ထုတ်လုပ်မှုတန်ဖိုးတွေ တိုးတက်ရေးကို ထိန်းသိမ်းရင်း သူတို့ နေ့စဉ် လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။

## ထိုက်တန်တဲ့ ရပိုင်ခွင့်တစ်ရပ်

ဘယ်သို့သော ရပိုင်ခွင့်ဖြစ်ပါစေ သင့်ရဲ့ ရှာမှီးနိုင်စွမ်းက "ထိုက်တန်တဲ့ ရပိုင်ခွင့်" သို့မဟုတ် "မထိုက်တန်တဲ့ ရပိုင်ခွင့်" ဖြစ်နိုင်တယ်။ ပုံမှန် အရ တန်ဖိုးအားဖြင့် တိုးတက်နေပြီး ပြီးခဲ့တဲ့ နှစ်ကထက် အခုပိုပြီးဝင် ငွေရှာနိုင်ရင် "ထိုက်တန်တဲ့ ရပိုင်ခွင့်" ရနေတာ ဖြစ်ပါတယ်။ သို့တည်း မဟုတ် ဈေးကွက် ပြောင်းလဲမှုမှာ ၊ တန်ဖိုးတွေ ဆုံးရှုံးနေရပြီး သင့်ကျွမ်းကျင်မှုတွေ ဝယ်လိုအားတွေလျော့ပြီးရင်း လျော့သွား ရင် "မ

ထိုက်တန်တဲ့ ရပိုင်ခွင့်" ရနေတာပဲဖြစ်တယ်။

ဒီကိစ္စမှာ ခက်မာကြမ်းတမ်းတဲ့ အမှန်တရားတစ်ခုရှိနေတယ်။ တကယ်လို့ သင်ဟာ ပိုပိုပြီး အဖိုးမတန်လှစွာ ဖြစ်လာရတာနဲ့ သင့်ကျွမ်းကျင်မှုတွေ အဆက်မပြတ် အဆင့်မြှင့်တင်နေရရင် သင်ဟာ အလိုအလျောက် နောက်ဘက်မှာ ကျန်ရစ်ခဲ့တာပါပဲ။ တကယ်လို့ သင့်ရဲ့ ရှာမှီးနိုင်စွမ်းအားက မထိုက်တန် ဘူးဖြစ်နေရင် အလိုအလျောက်မထိုက်တန်မှု ဖြစ်မယ်။ ယနေ့ လူတွေသန်းပေါင်းများ စွာ အလုပ်လက်မဲ့ ဖြစ်နေရတာ၊ သူတို့ ရဲ့ ရှာမှီးနိုင်စွမ်းတွေ ထိုးကျလာတဲ့ အတွက် ဘယ်သူမှ သူတို့ ကို မငှားရမ်းကြတော့လို့ ပဲ ဖြစ်ပါတယ်။

## ဆုံးဖြတ်ချက်တစ်ခုချခြင်း

သင့်ဝင်ငွေတိုးလာဖို့ အတွက် သော့ချက်က ဘာလဲ။ ဆုံးဖြတ်ချက်တစ်ခုချဖို့ သာ ဖြစ်တယ်။ ဒီကနေ့ကစပြီး ရှေ့ကို သင်အစစ်အမှန်ရှာမှီးနိုင်စွမ်းရှိတဲ့ ငွေပမာဏကိုရှာတော့မယ်လို့ ဆုံးဖြတ်ဖို့ ပါပဲ။ သင့်ဘ၀ အသက်မွေးမှုနဲ့ သင့်ဝင်ငွေတို့ ကို အပြည့်အ၀ထိန်းချုပ်နိုင်ဖို့ ဆုံးဖြတ်ချက်ချရမယ်။ သို့မှ သာ ဘယ်စီးပွားရေးမှာ မဆို ရယူနိုင်ရှင်သန်ကျန်ရစ်နိုင်ပါလိမ့်မယ်။

ဒီနေ့ သင့်ဝင်ငွေကို နှစ်ဆတိုးစေပြီး နောက်ထပ်လည်း နှစ်ဆထပ်တိုးလာအောင် လုပ်တော့ မယ်လို့ ဆုံးဖြတ်လိုက်ပါ။ သင်ဟာ ပိုပိုပြီး တိုးသထက်တိုးအောင် ရှာသွားလို့ နောက်ဆုံး သင်စစ်မှန်တဲ့ အစွမ်းအစကို ရှာမှီးရေး စက်ယန္တရားတစ်ခုလို ပြည့်ပြည့်၀၀ ဖြစ်လာတဲ့ အထိ လုပ်သွားရမယ်။

ရှေ့လာမယ့်စာမျက်နှာတွေမှာ သင် အမှန်တကယ် ထိုက်တန်ရာကို

စတင်ရှာမှီးနိုင်ရေးကို သင်ချက်ချင်းသုံးနိုင်မယ့် နည်းစနစ်တွေ၊ လက်တွေ့ကျတဲ့ နည်းလမ်းတွေ၊ ခိုင်မာပြီးတဲ့ မဟာဗျူဟာတွေ အတွဲလိုက်ကျွန်တော်တင်ပြသွားပါ့မယ်။ အကောင်းဆုံး သတင်းတွေကတော့ စစ်မှန်စွာ ထိုက်တန်တဲ့ ပမာဏဟာ သင်လက်ရှိနေ့မှာ အခံစားရဆုံး ဘယ်အရာထက်မဆို ဧရာမမြင့်မားနေမှာ ပါပဲ။

သင်ဘယ်ကလာတယ်ဆိုတာ အရေးမကြီးလှကြောင်းကို သင်သတိရပါ။ အမှန်တကယ်အရေး ပါတာက သင်ဘယ်ကိုသွားတော့မှာ လဲဆိုတာပါ။ သင်ဘယ်ကိုသွားမလို့ လဲဆိုတာကို သင့်ရဲ့ စိတ်ကူး ဉာဏ်ကသာ ကန့်သတ်ပေးနေပါတယ်။

သင့်ရဲ့ သိပ်ကိုမြင့်မားဆုံးသောဝင်ငွေက အနာဂတ်ထဲမှာ လဲလျောင်းနေပါတယ်။ သင့်ရဲ့ သိပ်ကို အကောင်းဆုံး စုပေါင်းဆောင်ရွက်မှုက အနာဂတ်မှာ လဲလျောင်းနေပါတယ်။ သင့်ရဲ့ ဝင့်ကြွားဆုံး အားထုတ်အောင်မြင်မှုက အနာဂတ်မှာ လဲလျောင်းနေတယ်။ သင့်ရဲ့ ပျော်စရာအကောင်းဆုံးနဲ့ ဘဝရဲ့ ကြီးမားဆုံး အောင်မြင်မှုတွေက လာဆဲ လာလတ္တံ့ပါပဲ။ ဒီစာအုပ်က ဒါတွေကို ပြသွားမှာ ပါ။

***